# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# (တိုင်းရင်းဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာအမိန့်)
# အမိန့်ကြော်ငြာစာအမှတ် ၂/ ၉၆
# ရန်ကုန်မြို့၊၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
# (၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

အများပြည်သူတို့ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် အရည်အသွေး အာနိသင်ရှိသည့် တိုင်းရင်း ဆေးဝါး အစစ်အမှန်များကို သင့်မြတ်သော ဈေးနှုန်းဖြင့်အချိန်မရွေး အလွယ်တကူ ဝယ်သူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဏ) နှင့် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါတိုင်းရင်းဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အမိန့်ကိုထုတ်ပြန်လိုက်သည်။

## တိုင်းရင်းဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာအမိန့်

## အခန်း(၁)
## တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၁။ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်။

**(က) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး(ဓါတ်ခွဲ) ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဌာနမှူး ကျန်းမာရေးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | အဖွဲ့ဝင် |
| (၇) | တိုင်းရင်းဆေးဆရာအဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |



Myanmar Law Information System (MLIS)

(၈) ညွှန်ကြားရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန အတွင်းရေးမှူး

**(ခ) ပြည်နယ်/တိုင်း၊ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ**

(၁) ပြည်နယ်/တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၃) ပြည်နယ်/တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး အဖွဲ့ဝင်

(၄) ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့်တိုင်းရင်းဆေးခန်းမှူးတစ်ဦး အတွင်းရေးမှူး

**(ဂ) ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ**

(၁) ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၃) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၄) ခရိုင်ရဲတပ်ဖွဲ့မှကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့်တိုင်းရင်းဆေးခန်းမှူးတစ်ဦး အတွင်းရေးမှူး

**(ဃ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ**

(၁) မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဥက္ကဋ္ဌ

(၂) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၃) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၄) မြို့နယ်ရဲတပ်ဖွဲ့မှကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူတစ်ဦး အတွင်းရေးမှူး

Myanmar Law Information System (MLIS)

## အခန်း (၂)

## တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်၏လုပ်ငန်းတာဝန်များ

၂။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်။

(က) မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းရင်း ဆေးဝါးကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီများ၏ တိုင်းရင်း ဆေးဝါးဆိုင်ရာဆောင်ရွက်ချက်များ ကြီးကြပ်ခြင်း၊

၃။ ပြည်နယ်၊တိုင်း၊ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(က) မိမိပြည်နယ်၊ တိုင်းအတွင်းရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ သိုလှောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ကြီးကြပ်ခြင်း

(ခ) ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက တင်ပြလာသောတိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် လျှောက်လွှာကို စိစစ်၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက် တင်ပြခြင်း၊

(ဂ) ခရိုင် သို့မဟုတ် မြို့နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို လိုအပ်ပါက ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း၊

၄။ ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်။

(က) မိမိ၏ခရိုင်အတွင်းရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ သိုလှောင်ခြင်း လုပ်ငန်း ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီကတင်ပြလာသောတိုင်းရင်း ဆေးဝါးမှတ်ပုံခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာ ကိုစိစစ်၍ ပြည်နယ်၊ တိုင်း တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း၊

၅။ မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်။

(က) တိုင်းရင်းဆေးဝါးမှတ်ပုံခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်း နှင့်စပ်လျဉ်းသည့် လျှောက်လွှာများကို စိစစ်၍ ခရိုင် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက် တင်ပြခြင်း၊

(ဂ) တိုင်းရင်းဆေးဝါးစစ်ဆေးခြင်းဆိုင်ရာ ကိစ္စအဝဝကို ကြီးကြပ်ခြင်း၊ လိုအပ်ပါက ကိုယ်တိုင် ဆောင်ရွက်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်း၊

Myanmar Law Information System (MLIS)

(ဃ) လိုင်စင်ပါ စည်းကမ်းချက်များ၊ ကျန်းမာရေးဝန်ကြီးဌာနက ဖြစ်စေ အာဏာပိုင် အဖွဲ့ကဖြစ်စေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနကဖြစ်စေ ထုတ်ပြန်ထားသော တိုင်းရင်းဆေးဝါးဆိုင်ရာ စည်းကမ်းချက် များ လိုက်နာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ ဖောက်ဖျက်မှုများကို အရေးယူခြင်း။

## အခန်း (၃)

## အယူခံခြင်း

၆။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ကိစ္စ သို့မဟုတ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်း ခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် တိုင်းရင်းဆေးဝါး ဥပဒေ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့သို့ခံယူနိုင်သည်။

(စောထွန်း)

ဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန

Myanmar Law Information System (MLIS)